ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားညီညွတ်ရေးအစိုးရ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

သတင်းလွှာ

အတွဲ (၁)၊ အမှတ် (၁)၊ ၂၈ ဖေဖော်ဝါရီ ၂၀၂၂

# ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးကျင်းပ

ဖေဖော်ဝါရီလ (၇) ရက်နေ့ - အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးချုပ်က ဥက္ကဋ္ဌ အဖြစ် ဦးဆောင်သည့် ပြည်ထောင်စုအဆင့် သယံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့၏ (၁/၂၀၂၂) အစည်းအဝေးကို နံနက် (၁၀) နာရီတွင် Zoom Meeting ဖြင့် ကျင်းပရာ အဖွဲ့ဝင်များအနက် ကာကွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုဝန်ကြီး၊ အတွင်းဝန်များ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံးမှ အတွင်းဝန်နှင့် ရုံးအဖွဲ့၊ ပြည်ထောင်စုအဆင့် သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ အတွင်းရေးမှူးရုံးအဖွဲ့တို့မှ စုစုပေါင်း (၁၁) ဦး တက်ရောက်ခဲ့သည်။




ပြည်ထောင်စုအဆင့်သယံဇာတစီမံအုပ်ချုပ်မှုအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ ပြည်ထောင်စု ဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကား ပြောကြား၍ ဒုတိယ ဥက္ကဋ္ဌ ဖြစ်သူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာတူးခေါင်က ကြားကာလ သယံဇာတ စီမံအုပ်ချုပ်မှုနှင့် အရေးပေါ် လုပ်ထုံးလုပ်နည်းအကြောင်း အကျဉ်းချုံး တင်ပြခဲ့သည်။

စာ-၆ သို့

သတ္တုကဏ္ဍဆိုင်ရာ အရပ်ဖက်လူ့အဖွဲ့အစည်းနှင့် တွေ့ဆုံခြင်း ၂
CDM ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ၃
တရားမဝင်ကျောက်မျက်နှင့်သတ္တုများစီမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ ၄
နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့၏ အပတ်စဉ်အစည်းအဝေးများ ၂
မတ်လအတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ ၆
ဆောင်းပါး - စစ်ကောင်စီအတွက် အသက်သွေးကြောဖြစ်နေသည့် မြန်မာနိုင်ငံရှိ တရုတ်သတ္တုစီမံကိန်းများ ၄
ကဗျာ - ကျိန်စာသင့်နွေဦး ၂

CDM ဝန်ထမ်း (၇၀) ဦး ခန့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ စတင် ဆောင်ရွက်လျက်ရှိ (စာ-၃)



ထီးချိုင့်-ပအမဖ မှ ကျွန်းခဲ့သား ၁၂ တန် ခန့် ဖမ်းဆီးရမိ (စာ-၅)



## သတ္တုကဏ္ဍဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းနှင့်တွေ့ဆုံ

၆-၂-၂၀၂၂ ရက်၊ နေ့လယ် (၂) နာရီအချိန်တွင် သတ္တုကဏ္ဍဆိုင်ရာ အရပ်ဖက် လူ့အဖွဲ့အစည်းတစ်ခုသည် ပြည်ထောင်စုဝန်ကြီးအပါအဝင် ဝန်ကြီးဌာနရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသခံလူထုများနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့ အပေါ် ထိခိုက်နစ်နာစေသော သတ္တုတူးဖော်ရေးလုပ်ငန်းများ အကြောင်း သုတေသနတွေ့ရှိချက်များတင်ပြခြင်း၊ ဝန်ကြီးဌာန အနေဖြင့် သယံဇာတတူးဖော်ခြင်းများနှင့် ပတ်သက်၍ ချမှတ်သင့်သော ရေတို/ကာလတို အကြံပြုချက်များနှင့် ရေရှည်/ကာလရှည် အကြံပြုချက်များကို တင်ပြခဲ့သည်။

## နည်းပညာအကြံပေးလုပ်ငန်းအဖွဲ့၏ အပတ်စဉ်အစည်းအဝေးများ ကျင်းပခြင်း

**ဖေဖော်ဝါရီ ၆ ရက်၊ (၆/၂၀၂၂)**

- သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ နိုင်ငံရေး အကြံပေးအဖွဲ့ ဖွဲ့စည်းသွားနိုင်ရေး
- Emergency Resource Management Framework ရေးဆွဲ ထုတ်ပြန်နိုင်ရေးများ ဆွေးနွေး

**ဖေဖော်ဝါရီ ၁၂ ရက်၊ (၇/၂၀၂၂)**

- Resource Federalism Policy Update အခြေအနေနှင့် အမျိုးသားညီညွတ်ရေး အစိုးရလက်အောက်ရှိ ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ၊ ဝန်ကြီးဌာနအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေး

**ဖေဖော်ဝါရီ ၁၉ ရက်၊ (၈/၂၀၂၂)**

- ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုများ
- ဝန်ကြီးဌာနသို့ ပေးပို့လာသည့် “Resource Federalism in Myanmar” စာတမ်းအား ကောက်နုတ်တင်ပြ
- အမျိုးသားညီညွတ်ရေးအစိုးရ လက်အောက်ရှိ ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ၊ ဝန်ကြီးဌာနအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေး

**ဖေဖော်ဝါရီ ၂၆ ရက်၊ (၉/၂၀၂၂)**

- Decision Making Mechanism တင်ပြဆွေးနွေး
- China Engagement Strategy ကိစ္စနှင့် စပ်လျဉ်း၍ ပြင်ပပညာရှင်မှ မျှဝေမည့် အစီအစဉ်
- သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆောင်ရွက်နေမှု အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များ
- မြန်မာ့အုပ်ချုပ်မှုနယ်မြေ ပြောင်းလဲမှုများ
- ဝန်ကြီးဌာနများ၏ လုပ်ဆောင်ချက်များ
- ဝန်ကြီးဌာနအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေး

## ကျိန်စာသင့်နွေဦး

၂၁ နွေဦးရဲ့ ကမူးရှူးတိုး လေပွေတွေထဲ
တစ်စစီလွင့်မျောခဲ့ရတဲ့ မျှော်လင့်ချက်တွေ အနာဂတ်တွေ ......
ပြန်မလာနိုင်တော့တဲ့..... သူတို့လေးတွေ ......
.......... .......... ..........
ဘယ်လိုအငြိုးတွေနဲ့များ ခမ်းခြောက်ပစ်လိုက်ရတာလဲ နွေဦးရယ်။

နတ်ဆိုးတွေကျိန်စာတိုက်ထားသလို
ညအမှောင်တွေအောက် မိစ္ဆာတွေ မြူးတူးပျော်မွေ့
ကျ...ကယ်သူမဲ့ခဲ့တဲ့ သန်းခေါင်းယံတွေဟာ ငိုကြီးရှိုက်မနဲ့
ချော့မြှူဖို့မစွမ်းသာတဲ့အခါ ငါတို့ ပြိုင်တူငိုကြွေးခဲ့ကြ
.......... ..........
ငိုသံတွေကို အဲ့လောက်တောင် သဘောကျရလား နွေဦးရယ်။

“နှောင်ကြိုးမှတပါး ဆုံးရှုံးစရာမရှိ”တဲ့
နှောင်ကြိုးဆိုတာ ဖြေရခက်လွန်းတော့
ကျန်ခဲ့သူမှာ ဒဏ်ရာတွေနဲ့.....၊
မိသားစုမစုံတော့တဲ့ ထမင်းဝိုင်းတွေ...
လူမစုံတော့တဲ့ အိမ်တွေ ...
ယမ်းငွေ့တွေကြား ရှောင်ပုန်းရတဲ့ ဘဝတွေ...
ဆာလောင်မှုတွေနဲ့ နေသားကျနေတဲ့ ရှင်သန်ခြင်းတွေ.....
......... ......... .........
ဝမ်းနည်းမှု၊ ပူဆွေးမှု၊ ဆာလောင်မှုတွေနဲ့
နွေဦးကစခဲ့တဲ့ဒီဇာတ်လမ်း....
နွေဦးမှာပဲ အဆုံးသတ်ချင်ပြီ။

အိမ့်

# CDM ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ကျင်းပ

## Digital Security Training


ဝန်ကြီးဌာနရှိ ဌာန/လုပ်ငန်း အသီးသီးမှ CDM ဝန်ထမ်းများ အတွက် ဒစ်ဂျစ်ဒယ် လုံခြုံရေးဆိုင်ရာ သင်တန်း (Digital Security Training) ကို ၇-၂-၂၀၂၂ ရက် မှ ၁၀-၂-၂၀၂၂ ရက်အထိ တစ်ကြိမ်၊ ၁၄-၂-၂၀၂၂ ရက်မှ ၁၆-၂-၂၀၂၂ အထိ တစ်ကြိမ်၊ ယခုလ အတွင်း (၂) ကြိမ် ကျင်းပရာ သင်တန်းသူ/သင်တန်းသား စုစုပေါင်း (၃၃) ဦး တက်ရောက်ခဲ့သည်။

## ဖက်ဒရယ်သဃံဇာတဆိုင်ရာ ပညာပေးအစီအစဉ်များ

**ဖေဖော်ဝါရီလ (၁၃) ရက် တွင်** Climate change, governance and federalism in Myanmar after the coup (မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးနောက် ရာသီဥတုပြောင်းလဲမှု၊ စီ မံ အုပ်ချုပ်မှု နှင့် ဖက်ဒရယ်စနစ် ဖော်ဆောင်ခြင်း) **ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီလ (၂၇) ရက် တွင်** Protected Areas – Law and Practice (သဘာဝ ထိန်းသိမ်းရေးနယ်မြေများ - ဥပဒေနှင့် လုပ်ဆောင်ချက်များ) **ခေါင်းစဉ်ဖြင့် လည်းကောင်း အွန်လိုင်းဆွေးနွေးပွဲများကျင်းပခဲ့သည်။**

## CDM ဝန်ထမ်းများ၏ တစ်နိုင်တစ်ပိုင်စီးပွားရေးများ ဆောင်ရွက်နေမှု

ဝန်ကြီးဌာနရှိ ဌာန/လုပ်ငန်း အသီးသီးမှ CDM ဝန်ထမ်း (၇၀) ဦးခန့်သည် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုံများမှာ ဝန်ထမ်းအချို့၏ လုပ်ငန်းဓာတ်ပုံများ ဖြစ်ပါသည်။ မွေးမြူရေး၊ စားသောက်ကုန်ခြောက်၊ အသုပ်၊ မုန့်ဟင်းခါး၊ အကင် ရောင်းချခြင်းများ၊ အဝတ်အထည်၊ အလှကုန်ပစ္စည်းများ ရောင်းချခြင်း၊ လက်မှုအသုံးအဆောင်ပစ္စည်းများ ရောင်းချခြင်း စသည်ဖြင့် ကျွမ်းကျင်ရာတို့ကို လုပ်ကိုင်ကာ စမွဘက်တော်သားများမှ အာဏာရှင်ကို တွန်းလှန်လျက် ရှိကြသည်။


ဆပ်ပြာဆီလုပ်ငန်း


မုန့်ဟင်းခါး


အကင်သုပ်


ဝက်မွေးမြူရေး


ဝက်အူချောင်း


ဟမ်ဘာဂါ

"တော်လှန်ရေးဆိုတာက နိုင်ချေ ရှိမရှိ ကို မှန်းဆပြီး သာတဲ့ဘက်ကို ပေါင်းရတာ မဟုတ်ပါဘူး ကျွန်တော်တို့ ခံယူထားတဲ့ အမှန်တရားဘက်ကို စုံကန်ပြီး ဝင်ရတာ ဖြစ်ပါတယ်"



တော်လှန်ရေးတစ်နှစ်ပြည့်စကားသံများ
Radio NUG

# တရားမဝင်ကျောက်မျက်နှင့်သတ္တုများစိမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲ



တရားမဝင်သယ်ဆောင်ရောင်းချသော ကျောက်မျက်နှင့် သတ္တုများ စိမံခန့်ခွဲခြင်းဆိုင်ရာ ဆွေးနွေးပွဲကို (၂၃-၂-၂၀၂၂) ရက်နေ့၊ နေ့လယ် (၁) နာရီ မှ (၃) နာရီ အထိ ကျင်းပရာ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးမှ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) အဖွဲ့ဝင် (၁၃၃) ဦး တက်ရောက်ခဲ့သည်။

## ဆောင်းပါး


# စစ်ကောင်စီအတွက် အသက်သွေးကြောဖြစ်နေသည့် မြန်မာနိုင်ငံရှိ တရုတ်သတ္တုစိမံကိန်းများ

စစ်တပ်မှ အဓမ္မအာဏာသိမ်းယူခြင်း တစ်နှစ်ကျော်လာခဲ့ပြီးဖြစ်သည့်အချိန်တွင် မြန်မာနိုင်ငံသား တစ်ဝက်ခန့်မှာ ဆင်းရဲမွဲတေမှုဖြင့် ကြုံတွေ့နေရပြီဖြစ်သည်။ နိုင်ငံအနှံ့တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ၊ ပြည်သူ့တော်လှန်ရေးတပ်ဖွဲ့များက ဖက်ဒရယ်ဒီမိုကရေစီအတွက် အသက်စွန့် တိုက်ပွဲဝင်နေကြပါသည်။ တော်လှန်ရေးကာလ တစ်နှစ်ကျော် ကြာရှည်လာသည်နှင့်အမျှ သိသာထင်ရှားလာသည့် အချက်တစ်ချက်မှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အပါ အဝင် မည်သည့်နိုင်ငံကမျှ ကျွန်တော်တို့၏ မျှော်မှန်းသလောက် အကူအညီ မပေးနိုင် ဟူသည့် အချက်ဖြစ်သည်။ ထို့ကြောင့် မိမိတို့အနေဖြင့် စစ်ကောင်စီအားအင်ချိနဲ့လာ၍ အလျင်အမြန် ကျရှုံးလာစေရန် နည်းလမ်းပေါင်းစုံ အသုံးပြုရမည်ဖြစ်သည်။ ထိုနည်းလမ်းများစွာထဲမှ နည်းလမ်းတစ်ခုမှာ စစ်ကောင်ထံသို့ ဝင်ရောက်နေသည့် အခွန်ဘဏ္ဍာများ ဖြတ်တောက်ခြင်းဖြစ်သည်။

အချက်အလက်အပေါ် အခြေပြုတွက်ချက်မှုအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စစ်ကောင်စီထံသို့ နိုင်ငံခြားဝင်ငွေ ဒေါ်လာ ၂.၅ ဘီလီယံဝင်ရောက်ခဲ့သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ ဝင်ငွေစုစုပေါင်း၏ ၈၀ % ကျော်မှာ ရေနံ၊ သဘာဝဓါတ်ငွေ့ စီမံကိန်းများ၊ သတ္တု တူးဖော်ရေး လုပ်ငန်းများ၊ ကျောက်စိမ်း ကျောက်မျက် တူးဖော်ရေးလုပ်ငန်းများ၊ သစ်လုပ်ငန်း စသည့် သယံဇာတ တူးဖော်ထုတ်လုပ်ရေး ကဏ္ဍမှ ဖြစ်နေပါသည်။ ဤဆောင်းပါးအတွက်မူ သတ္တုတူးဖော်ရေးလုပ်ငန်းမှ ဝင်ငွေများကိုသာ အဓိက တင်ပြဆွေးနွေး သွားပါမည်။

သတ္တုတူးဖော်ရေးကဏ္ဍသည် စစ်ကောင်စီအတွက် ပြီးခဲ့သည့်နှစ်အတွင်း ဒေါ်လာသန်း ၉၀၀ ခန့် ဝင်ရောက်ခဲ့ပြီး၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍထက် အနည်းငယ်သာ လျော့နည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ သို့သော်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း စစ်ကောင်စီထံသို့ နိုင်ငံခြားဝင်ငွေဝင်ရောက်မှု (ဒေါ်လာသန်း)




လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပ တော်လှန်ရေးအင်အားစုများအနေဖြင့် သတ္တုကဏ္ဍ၏ အရေးပါပုံကို သိရှိနေခြင်းမရှိသေးပါ။ ထို့ကြောင့် သတ္တုတူးဖော်ရေးကုမ္ပဏီများသည် ရေနံ နှင့် သဘာဝဓါတ်ငွေ့ တူးဖော်ရေး ကုမ္ပဏီများကဲ့သို့ နိုင်ငံရေးဖိအားများ ကျရောက်လျက်မရှိသေးပါ။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ သတ္တုတူးဖော်ရေးကဏ္ဍတွင် စစ်ကောင်စီထံသို့ အခွန်အခ ပမာဏ အများဆုံး ပေးဆောင်နေသည့် သတ္တုကုမ္ပဏီများမှာ တရုတ်နိုင်ငံပိုင်သတ္တုတူးဖော်ရေး လုပ်ငန်းများ ဖြစ်နေခြင်းဖြစ်သည်။ မကြာသေးမီက ထုတ်ပြန်လိုက်သည့် အစီရင်ခံတစ်ခုအရ တရုတ်နိုင်ငံပိုင် ကုမ္ပဏီများ လုပ်ပိုင်ခွင့်ရရှိထားသည့် စပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ တကောင်းတောင် စီမံကိန်းတို့မှ စစ်ကောင်စီထံသို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ဒေါ်လာသန်း ၇၂၂ သန်း ဝင်ရောက်ခဲ့သည်ဟု ခန့်မှန်းတွက်ချက်ထားပါသည်။ မကြာသေးမီနှစ်များမှ စတင်၍ သတ္တုဈေးနှုန်းများ မြင့်တက်လာမှု နှင့် အဆိုပါ သတ္တုလုပ်ငန်းစီမံကိန်း သုံးခုသည် စီးပွားဖြစ် ထုတ်လုပ်မှု အဆင့်သို့ ရောက်ရှိလာကြ

စာ-၅ သို့

# ထီးချိုင့်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ ကျွန်းခွဲသား (၁၂) တန်ခန့် ဖမ်းဆီးရမိ







ထီးချိုင့်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့မှ ၂၄-၂-၂၀၂၂ ရက်၊ နေ့လယ် ၁:၃၀ အချိန်ခန့်တွင် ထီးချိုင့်မြို့နယ်၊ ကျောက်မော်ကျေးရွာအနီး၊ ဧရာဝတီမြစ်ဘေး၊ ကားလမ်းတွင် (၁၂) ဘီးကားတစ်စီး၊ ကျွန်းခွဲသား (၁၂) တန် ခန့် ကို တရားခံ (၄) ဦး နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။
ပျဉ်ခွဲသားများကို ထီးချိုင့်မြို့နယ် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့သို့ အပ်၍ ကားနှင့်လိုင်စင်ကို ထီးချိုင့်-ပကဖ မှ သိမ်းဆည်းထားကာ အဆိုပါ တရားခံ (၄) ဦးကို နောက်နောင် မပြုလုပ်ရန် ဝန်ခံကတိဖြင့် နေရပ်သို့ ပြန်လည်လွှတ်ပေးခဲ့သည်။

**စာ-၄ မှ အဆက်**

သည့်အတွက် စစ်ကောင်စီထံသို့ ဝင်ငွေအလုံးအရင်းဖြင့် ဝင်ရောက်နေခြင်းဖြစ်သည်။ ထိုလုပ်ငန်းများကို လုပ်ပိုင်ခွင့်ရရှိထားသည့် ကုမ္ပဏီများမှာ တရုတ်နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော Wanbao Mining Ltd. နှင့် China Nonferrous Metal Mining Co. တို့ ဖြစ်ကြပါသည်။ အာဏာသိမ်းလိုက်သည့်အချိန်တွင် ဝန်ထမ်းအများစုက လုပ်ငန်းခွင်မဝင်ဘဲ ဆန္ဒပြမှုများရှိခဲ့သော်လည်း အဆိုပါ ကုမ္ပဏီများသည် တူးဖော်ထုတ်လုပ်မှုကို ဆက်လက် လုပ်ကိုင်လျက်ရှိကြောင်း လက်ခံရရှိသည့် အချက်အလက်များက ညွှန်းဆိုလျက်ရှိသည်။

ထို့ကြောင့် စစ်ကောင်စီအတွက် အသက်သွေးကြောတစ်ခုဖြစ်နေသည့် မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံပိုင် သတ္တုစီမံကိန်းများနှင့် ပက်သက်၍ ဖိအားပေးဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ဇန်နဝါရီလ ၇ ရက်နေ့တွင် တကောင်းတောင်နီကယ်စီမံကိန်းသို့ ပေးပို့နေသော လျှပ်စစ်တာဝါတိုင်သုံးတိုင်ကို ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့က ဖျက်ဆီးလိုက်သည့်အချိန်တွင် တရုတ်သံရုံးမှ တာဝန်ရှိသူများက အမျိုးသားညီညွတ်ရေးအစိုးရအား ဆက်သွယ်မေးမြန်းခဲ့သည့်အချက်ကိုကြည့်လျှင် တရုတ်နိုင်ငံအတွက် အဆိုပါစီမံကိန်းမျာ း သည် လွန်စွာ အရေးပါနေသည်ကို တွေ့ရှိနိုင်ပါသည်။ ကမ္ဘာ့သတ္တုဈေးနှုန်းများ မြင့်တက်လျက် ရှိသည့်အတွက် စစ်ကောင်စီထံသို့ ဝင်ရောက်မည့် ဒေါ်လာငွေပမာဏလည်း ပိုများလာမည့် အခြေအနေရှိပါသည်။

အဆိုပါ တရုတ်နိုင်ငံပိုင် သတ္တုလုပ်ငန်းများမှ ဝင်ငွေများဖြင့် စစ်လက်နက်များဝယ်ယူကာ ပြည်သူများအား တိုက်ခိုက်နေသည့်အတွက် အလျင်အမြန် တားဆီးရန် လွန်စွာ အရေးကြီးပါသည်။

**တရုတ်နိုင်ငံပိုင်သတ္တုတူးဖော်ရေးကုမ္ပဏီများမှ စီမံကိန်းအလိုက် စစ်ကောင်စီထံသို့ အခွန်ပေးဆောင်မှု**

| | |
|---|---|
| ဒေါ်လာ ၄၁၇ သန်း | လက်ပံတောင်းတောင် |
| ဒေါ်လာ ၁၈၇ သန်း | စပယ်တောင်နှင့်ကြေးစင်တောင် |
| ဒေါ်လာ ၁၂၁ သန်း | တကောင်းတောင် |

Wanbao Mining Ltd. နှင့် China Nonferrous Metal Mining Co. ကုမ္ပဏီတို့ကို အနောက်နိုင်ငံများက စီးပွားပိတ်ဆို့မှုများ ပြုလုပ်ထားသော်လည်း သက်ရောက်မှု တစုံတရာမျှ မရှိသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ရေနံ နှင့် သဘာဝဓါတ်ငွေ့ ကုမ္ပဏီများ အပေါ် နိုင်ငံရေးအရ ဖိအားပေးမှု လုပ်ဆောင်သည့် အတိုင်း သတ္တုကဏ္ဍမှ တရုတ်နိုင်ငံပိုင်ကုမ္ပဏီများကိုလည်း ဖိအားပေးမှု လုပ်ဆောင်သင့်ပါသည်။ ထို့အပြင် အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့်လည်း အထက်ပါ ကိစ္စရပ်များနှင့် ပက်သက်၍ တရုတ်နိုင်ငံအစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှု လုပ်ဆောင်သင့်ပါသည်။

**နွေဦးတပ်သား**


(ဆောင်းပါးရှင်၏ အာဘော်သာ ဖြစ်သည်။)

**စာ-၁ မှ အဆက်**

ဆက်လက်၍ "တိုင်းဒေသကြီးများရှိ လွတ်မြောက်ဒေသများအတွက် သဃံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ အရေးပေါ်လုပ်ထုံး လုပ်နည်းများ (သစ်တောနှင့် ရွှေသတ္တုအသေးစားလုပ်ငန်းကဏ္ဍ)" အရ ဖွဲ့စည်းထားသည့် သဃံဇာတ စီမံအုပ်ချုပ်မှုအဖွဲ့များအကြောင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များအကြောင်းကို အဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ သဃံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အတွင်းဝန်မှ တင်ပြခဲ့သည်။

အရေးပေါ် လုပ်ထုံးလုပ်နည်း အကောင်အထည်ဖော်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဖွဲ့စည်းထားပြီး ဖြစ်သည့် သဃံဇာတ စီမံအုပ်ချုပ်မှု မြို့နယ်အဖွဲ့ (TAB-NR) များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆက်လက် တင်ပြသည်။ တင်ပြချက်များနှင့် ပတ်သက်၍ တက်ရောက်လာသည့် အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြ၍ ပြည်ထောင်စုအဆင့် သဃံဇာတစီမံအုပ်ချုပ်မှုအဖွဲ့၏ (၁/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ကြသည်။ အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီးနောက် မှတ်တမ်းဓာတ်ပုံ ရယူကာ အစည်းအဝေးကို နေ့လယ် (၁၂) နာရီတွင် ရပ်နားခဲ့သည်။

## တစ်ကွက်ကာတွန်း



## မတ်လအတွင်း သဃံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့အထိမ်းအမှတ်နေ့များ



**မတ်လ ၃ ရက်နေ့ - ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့**

ဂေဟစနစ်ပြန်လည်တည်ထောင်ရေးအတွက် ပင်မမျိုးစိတ်များအား ပြန်လည်ထိန်းသိမ်းခြင်း



**မတ်လ ၁၄ ရက်နေ့ - မြစ်ကြီးများအတွက် လုပ်ဆောင်ချက်ဆိုင်ရာ နိုင်ငံတကာနေ့**



**မတ်လ ၂၁ ရက်နေ့ - အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့**

သစ်တောများနှင့် စဉ်ဆက်မပြတ်ထုတ်လုပ်သုံးစွဲခြင်း



**မတ်လ ၂၂ ရက်နေ့ - ကမ္ဘာ့ရေအရင်းအမြစ်နေ့**

မြေအောက်ရေ-တိမ်မြုပ်အရင်းအမြစ်များထင်သာမြင်သာရှိစေရေး